



# Wisarra International Co., Ltd
# NEWSLETTER

## “ဝိစာရကုမ္ပဏီမှဝန်ထမ်းများ၏ တောင်သူတွေ့ဆုံပွဲ”

ဝိစာရကုမ္ပဏီမှဝန်ထမ်းများ နှင့် ဒေသခံတောင်သူဦးကြီးများ၏ တောင်သူတွေ့ဆုံပွဲ (Field Day) ကို (၂၁ / ၆ / ၂၀၂၄) နေ့တွင် ပဲခူးတိုင်းဒေသကြီး (အနောက်) ကြို့ပင်ကောက်မြို့နယ်၊ ကျွန်းကုန်းကျေးရွာတွင် ပြုလုပ်ခဲ့ပါသည်။

ထိုတောင်သူတွေ့ဆုံပွဲတွင် “ဝိစာရ” ကုမ္ပဏီ၏ ထုတ်ကုန်တစ်မျိုးဖြစ်သော “ခရေဇီ” စပါးရွေးချယ် ပေါင်းသတ်ဆေး အသုံးပြုထားသော စပါးခင်းများအတွင်း ပေါင်းမြက်များကင်းစင်၍ စပါးပင်များ အပင်တက်အား ကောင်းပြီး ပုံမှန်ထက်ပိုမိုစိမ်းလန်း သန်စွမ်းနေသည်ကို “ဝိစာရ စိုက်ပျိုးရေး ပညာပေးအဖွဲ့” နှင့်အတူ ပဲခူးတိုင်း အနောက်ပိုင်း Marketing Manager ဦးသော်ဇင်၊ တိုင်းမန်နေဂျာ ဦးဝင်းဇော်ဦး၊ မြေဆီမန်နေဂျာ ဦးမျိုးဝင်း နှင့် ဒေသတာဝန်ခံဝန်ထမ်းများမှ တောင်သူများထံရှင်းလင်းပြသပြီး ကွင်းဆင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြပါသည်။

ဆက်လက်၍ “ခရေဇီ” ပေါင်းသတ်ဆေးကို လက်တွေ့အသုံးပြုထားသော တောင်သူ ကိုခင်မောင်ရင်၊ ကိုဇော်ဇော်အောင် နှင့် ကိုဇော်ဝင်းနိုင်တို့မှလည်း ၄င်းတို့၏ စပါးခင်းများအတွင်း “ခရေဇီ” ပေါင်းသတ်ဆေး အသုံးပြုပုံများကို အသေးစိတ်ပြန်လည်ရှင်းလင်းပြပြီး ရရှိသောအကျိုးကျေးဇူးများ နှင့် ခရေဇီ ပေါင်းသတ်ဆေး အသုံးပြု၍ စပါးခင်းများအတွင်းပေါင်းမြက်များကင်းစင်ပြီး စပါးပင်များစိမ်းလန်းရှင်သန်နေမှုများကိုပါ လက်တွေ့ ပြန်လည်ပြသကြကြောင်း တင်ပြလိုက်ရပါသည်။

သတင်းဆောင်းပါး ရေးသားပေးပို့သူ .....
Myo Thida Aung
Media Promoter
Market Communication Department